**(Unofficial Translation)**

**THE REPUBLIC OF THE UNION OF MYANMAR**
**Ministry of Transport and Communications**
**Department of Civil Aviation**
**Yangon**

Letter No. LaNyaNa/LaPaYa/14/7519
Date: 26th October 2020

Subject: **Matter of the extension of temporary restrictions on domestic flights**

Reference: (1) Department's Letter No. LaNyaNa/LaPaYa/14/6654 dated 10-9-2020
(2) Department's Letter No. LaNyaNa/LaPaYa/14/7085 dated 1-10-2020
(3) Ministry's Letter No. PaSa-2/MaLa (COVID-19) (10/190) dated 26-10-2020

1. This matter is related to the directives of the Department of Civil Aviation for the airlines, such as temporary suspension of domestic scheduled flights from 11-9-2020 to 1-10-2020 as per Reference Letter #1 and its extended suspension until 31-10-2020 as per Reference Letter #2, due to spread of COVID-19 in Nay-Pyi-Taw Council and other Regions as well as States as a local transmission.

2. In respect of this matter, according to the resolution came out from the meeting of National-Level Central Committee on Prevention, Control and Treatment of Coronavirus Disease 2019 (COVID-19) on 23 October 2020, the Ministry of Transport and Communications has directed by the Reference Letter #3 to inform further all domestic airlines to follow an extended period of temporary suspension of domestic scheduled flights from 1-11-2020 to 15-11-2020.

3. Accordingly, it is to be informed that all domestic airlines shall continue to suspend their domestic scheduled flights from 1-11-2020 to 15-11-2020.

xx Signaturexx

On behalf of Director General
(Nay Win, Director)

Dist:

1. Chief Executive Officer
   Myanmar National Airlines

2. Deputy Chief Executive Officer
   Myanmar Airways International

3. Managing Director
   Air Thanlwin Ltd

4. Deputy Chief Executive Officer
   Air KBZ Ltd

5. Chief Executive Officer
   Golden Myanmar Airlines

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရန်ကုန်မြို့

စာအမှတ်၊ လညန/လပရ/၁၄/၇၂၅၇

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၆ ရက်

အကြောင်းအရာ။ **ပြည်တွင်းလေကြောင်းလိုင်းခရီးစဉ်များ ယာယီရပ်ဆိုင်းထားသည့် ကာလတိုးမြှင့်ခြင်းကိစ္စ၊**

ရည်ညွှန်းချက်။ (၁) ဤဦးစီးဌာန၏ ၁၀-၉-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ လညန/လပရ/၁၄/၆၆၅၄၊

(၂) ဤဦးစီးဌာန၏ ၁-၁၀-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ လညန/လပရ/၁၄/၇၀၈၅၊

(၃) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၆-၁၀-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/မလ (COVID-19) (၁၀/၁၉၀)၊

၁။ COVID-19 ရောဂါသည် ပြည်တွင်းကူးစက်မှုအဖြစ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပျံ့နှံ့လျက်ရှိသည့်အတွက် ပြည်တွင်းပုံမှန်လေကြောင်းခရီးစဉ်များ (Schedule Flights) ပျံသန်းပြေးဆွဲမှုကို ၁၁-၉-၂၀၂၀ ရက်နေ့မှ ၁-၁၀-၂၀၂၀ ရက်နေ့အထိ ယာယီရပ်ဆိုင်းထားရန် ရည်ညွှန်းချက် (၁) ပါစာဖြင့် လည်းကောင်း၊ ၃၁-၁၀-၂၀၂၀ ရက်နေ့အထိ ဆက်လက်ရပ်ဆိုင်းထားရန် ရည်ညွှန်းချက် (၂) ပါစာဖြင့် လည်းကောင်း ဤဦးစီးဌာနက လေကြောင်းလိုင်းများထံသို့ အကြောင်းကြားထားသည့်ကိစ္စ ဖြစ်ပါသည်။

၂။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ယခုအခါ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊

ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်တွင်းပုံမှန်လေကြောင်းခရီးစဉ်များ ပျံသန်းမှုကို ၁-၁၁-၂၀၂၀ ရက်နေ့မှ ၁၅-၁၁-၂၀၂၀ ရက်နေ့အထိ ရက်တိုးမြှင့်ရပ်ဆိုင်းကြောင်းကို ပြည်တွင်းလေကြောင်းလိုင်းများအားလုံး သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ဆက်လက်အသိပေး ဆောင်ရွက်သွားရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရည်ညွှန်းချက် (၃) ပါစာဖြင့် အကြောင်းကြားလာပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် ပြည်တွင်းပုံမှန်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှုကို ၁-၁၁-၂၀၂၀ ရက်နေ့မှ ၁၅-၁၁-၂၀၂၀ ရက်နေ့အထိ ဆက်လက်ရပ်ဆိုင်းထားရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

နေဝင်း၊ ညွှန်ကြားရေးမှူး



**ဖြန့်ဝေခြင်း**

၁။ အမှုဆောင်အရာရှိချုပ်
မြန်မာအမျိုးသားလေကြောင်း၊

၂။ ဒုတိယအမှုဆောင်အရာရှိချုပ်
အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၊

၃။ မန်နေဂျင်းဒါရိုက်တာ
အဲသံလွင်လီမိတက်၊

၄။ ဒုတိယအမှုဆောင်အရာရှိချုပ်
အဲကေဘီဇက်လီမိတက်၊

၅။ အမှုဆောင်အရာရှိချုပ်
ရွှေမြန်မာလေကြောင်း၊